# YANGON INVESTMENT FORUM 2018

## ရန်ကုန်တိုင်းဒေသကြီး
## မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဗဟိုချက်မ

*နိဗိုတယ်ဟိုတယ်၊ ရန်ကုန်*
*မြန်မာ၊ မေ ၉ ရက် ၂၀၁၈*

---

## MEDIA NOTES

---

**YANGON INVESTMENT FORUM 2018**

**ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဗဟိုချက်မဖြစ်**

- နိုင်ငံ GDP ၏ ၂၃ ရာခိုင်နှုန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း ၉.၂ ရာခိုင်နှုန်းရှိ
- ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ ၇ သန်းနေထိုင်လျက်ရှိ။ စားသုံးသူအများဆုံးရှိသည့်အပြင် အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလာနေသော ဈေးကွက်တစ်ခုဖြစ်ပြီး သက္ကရာဇ် ၂၀၃၀ အရောက်တွင် လူဦးရေ ၁၀ သန်းခန့် ရှိလာနိုင်မည်ဟု ခန့်မှန်းထား။
- မြန်မာနိုင်ငံ၏ ကုန်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထုတ်လုပ်ရေးအချက်အချာနေရာတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်နေသော ဘဏ္ဍာရေးရပ်ဝန်းတစ်ခုဖြစ်။
- Yangon Stock Exchange ရှိပြီး ပြည်တွင်းနှင့် ပြည်ပဘဏ်များ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီကြီးအများအပြား၏ ရုံးချုပ်များရှိသော နေရာလည်းဖြစ်။
- စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၇၃ ရာခိုင်နှုန်းမှာ ထုတ်လုပ်မှုကဏ္ဍဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတွင် အဓိကဦးဆောင်နေသော ကဏ္ဍတစ်ခုဖြစ်။
- မြန်မာနိုင်ငံ၏ အဓိကဆိပ်ကမ်းကြီးများတည်ရှိရာ တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ စုစုပေါင်း သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများ၏ ခန့်မှန်းခြေ ၈၅ ရာခိုင်နှုန်းရှိ။
- မြန်မာနိုင်ငံရှိ စက်မှုဇုန်များ၏ ၅၃ ရာခိုင်နှုန်းခန့်မှာ ရန်ကုန်တိုင်းဒေသကြီးတွင်ရှိ။
- လျှပ်စစ်၊ စွမ်းအင်၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်နေသော တိုင်းဒေသကြီးတစ်ခုဖြစ်။
- ဧက ၃ သောင်းကျော်ကျယ်ဝန်းသော ခေတ်မီမြို့ပြနှင့်ကိုက်ညီသည့် စီးပွားရေးဇုန်ပါဝင်သည့် ရန်ကုန်မြို့သစ်စီမံကိန်း၊ ထောက်ပံ့ပို့ဆောင်ရေးဇုန်၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ဆိပ်ခံတံတားနှင့် သီလဝါအထူးစီးပွားရေးဇုန်စသည်တို့ပါဝင်သည့် အထင်ကရစီမံကိန်းကြီးများကို ဖော်ဆောင်လျက်ရှိ။

**ရန်ကုန်တိုင်းဒေသကြီးရှိ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ**

- မြန်မာနိုင်ငံ၏ မှတ်ပုံတင်ကုမ္ပဏီစုစုပေါင်း ၂၂၃၃ ခု၏ ၆၄% သည် ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်။
- ဘဏ္ဍာနှစ် ၁၉၈၈-၁၉၈၉ မှ ၂၀၁၇-၂၀၁၈ အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၈၄၅ ခု ရှိပြီး အမေရိကန်ဒေါ်လာ သန်း ၂၀၂၇၅.၈၄၇ အထိရရှိခဲ့။
- ဘဏ္ဍာနှစ် ၁၉၉၄-၁၉၉၅ မှ ၂၀၁၇-၂၀၁၈ အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၈၅ ခု ရှိပြီး ငွေကျပ်သန်းပေါင်း ၆၉၉၀၃၁၃.၉၅၃ အထိရရှိခဲ့။
- ဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ မှ ၂၀၁၇-၂၀၁၈ (ဧပြီလကုန်အထိ) သီလဝါအထူးစီးပွားရေးဇုန်ရှိ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၁၃၇၄.၃၃ ထိ ရရှိခဲ့။

**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ**

- ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ Investment Agency အဖြစ် ဖွဲ့စည်းခဲ့။
- YRIC အနေဖြင့် မတည်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅ သန်း (သို့) မြန်မာငွေ ကျပ် သန်း ၆၀၀၀ နှင့်အောက် ရင်းနှီးမြှုပ်နှံမှု အတည်ပြုလျှောက်ထားလွှာများကို ခွင့်ပြုမိန့်ထုတ်ပေး။
- YRIC သည် ရင်းနှီးမြှုပ်နှံခွင့်လျှောက်ထားမှု ကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ရရှိထားသော စီးပွားရေးလုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေး။
- ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ပထမဦးဆုံးအကြိမ် ကျင်းပသော YRIC အစည်းအဝေးမှ ၂၀၁၈ ဧပြီလထိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၉ ခုဖြင့် မတည်ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းအမေရိကန် ဒေါ်လာ သန်း ၅၉.၂၉၆ နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉ ခုဖြင့် မတည်ရင်းနှီးမြှုပ်နှံမှု ပမာဏ စုစုပေါင်းမြန်မာငွေကျပ် သန်းပေါင်း ၂၃၀၆၀.၀၀ တို့ကို ခွင့်ပြုပေးခဲ့။
- အသစ်ထပ်မံ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံမှုများသည် ရန်ကုန်တိုင်းဒေသကြီးအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၂,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်လိမ့်မည်ဟု မျှော်လင့်။

*ဆက်သွယ်ရန်*

ဦးမျိုးခိုင်ဦး
အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC)
အီးမေးလ် dicayangonregion@gmail.com